ဝါဝါထင်လင်း

# မှန်ထဲက ကျွန်မက မှန်ရှေ့က ကျွန်မကို

နှင့်

ရသစာစုများ




Design : tin Aung Pyae 2013

## ကျေးဇူးတင်လွှာ

မှန်ထဲက ကျွန်မက မှန်ရှေ့ ကျွန်မကိုနှင့်ရသစာစုများ စာအုပ်လေးမှာ စာမူကြမ်းမှ စာမူချောင်ဖြစ်သည့်တိုင် မညည်းမညူ စိတ်ရှည်လက်ရှည် ကွန်ပျူတာစာစီပေးသော မဆွေဆွေ ညိမ်း၊ အတွင်းပန်းချီပုံတချို့ကို မေတ္တာဖြင့်ဆွဲပေးသော မောင်စိုးမင်း၊ မအားလပ်သည့်ကြားက မျက်နှာဖုံးဒီဇိုင်းကို စိတ်ကြိုက်ဖြစ်အောင် မေတ္တာဖြင့် ပုံထုတ်ပေးသော မောင်လင်းအောင်ပြည့်၊ စာအုပ်လေးထုတ်ဖြစ်အောင် ဝိုင်းပံ့ပိုးပေးသော မေမေနှင့်မောင်နှမများ၊ ခင်ပွန်းသည်နှင့် မိသားစု အားလုံး ထုတ်ဝေဖြန့်ချိပေးသော ရန်အောင်စာပေမှ ဆရာတိုးတက်နှင့် မိသားစုတို့ကိုများစွာ ကျေး ဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ရပါသည်။

၂၀၀၇ ခုနှစ် မှ ၂၀၁၃ ခုနှစ်အတွင်း ...


ထွက်ရှိပြီးသော မဂ္ဂဇင်း၊ ဂျာနယ်များမှ ဝတ္ထုဆောင်းပါးများကို စုစည်းတင်ပြထားခြင်း ဖြစ်ပါ သည်။

**ဝါဝါထင်လင်း**

**၉-၆-၂၀၁၃**

***

ဝိဝိထင်လင်း



# ပြန်..ပျံချင်ပြီ

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ လပေါင်းများစွာ အနေကြာလာတော့ ဝန်းကျင်လှုပ်ရှားမှုတွေကို သတိထားမိလာတယ်။ ကျွန်မ တည်းခိုနေရာက ဘန်ကောက်မြို့ရဲ့ အထင်ကရ အထပ်ရှစ်ဆယ်ကျော် BAIYOKE SKY HOTEL (ဘိုင်ရုပ်ခ်-အထက်မြင့်ဟိုတယ်) အနီးမှာရှိတဲ့ KC PLACE APARTMENT မှာပါ။ အခန်းနံပါတ် ၃၀၇ ။ တစ်ဆယ့်ငါးပေပတ်လည် တောင် မပြည့်တဲ့အခန်းကို တစ်လဘတ်ငွေ တစ်သောင်းနှစ်ထောင်ပေးရတယ်။ ရေဖိုး၊ မီးဖိုးပေါင်း ရင် အားလုံး တစ်သောင်းခွဲလောက်ကျတယ်။ မြန်မာငွေနဲ့တွက်ရင် လေးသိန်းခွဲပေ့ါ။

ဝရန်တာတစ်ဝက်ကျော်ကို နေရာယူထားတာက လေအေးစက်ရဲ့ အပြင်လေစုပ်ပန်ကာ သေတ္တာကြီး၊ အပြင် ရှုခင်းကြည့်ဖို့ရာ လူနှစ်ယောက် ရပ်မရဘူး။

ရှေ့မှ ခရီးဝေးကလာတဲ့ Express ကားကြီးတွေ ရပ်တဲ့နေရာ။ မနက် စောစောပိုင်းဆို Express နှစ်ထပ်ကား လှလှကြီးတွေ တစ်စီးပြီးတစ်စီး ဝင်လာတယ်။ ကွန်ကရစ်ခင်း မြေကွက်လပ် ကြီးပေါ်မှာ အဲဒီ ကားကြီး အစီးနှစ်ဆယ် တစ်ပြိုင်တည်း ရပ်တဲ့အခါရှိတယ်။ ကားကြီးတွေပေါ်က လူမျိုးပေါင်းစုံ၊ အရွယ်မျိုးစုံဆင်းလာတယ်။ အများအားဖြင့် တွေ့ရတာ ကုလားလူမျိုးတွေပဲ။ သူတို့တွေ ဘယ်ကလာလို့ ဘယ်ကို ပြန်ကြမယ်ဆိုတာ မသိပေမယ့် BAIYOKE SKY HOTEL ကြီးထဲမှာ ဈေးဝယ်ကြတယ်။ BAIYOKE SKY HOTEL ကြီးကို အမိအခေါင်းမော့ပြီး ဓာတ်ပုံရိုက်ကြ တာ နေ့တိုင်းလို။ စာရေးသူဝရန်တာကနေ စီးမိုးပြီး မြင်နေရတယ်။ စိတ်ဝင်စားစရာကောင်းတယ်။ Express ကားကြီးတွေပေါ်က တစ်အုပ်တစ်မကြီး ဆင်းသွားကြ။ သတ်မှတ်ချိန်အတွင်းမှာ အထုပ်ကြီးအထုပ်ငယ် ဆွဲပြီး ကားပေါ်တက်ကြ။ (တစ်ခါတလေ စက္ကူသေတ္တာပုံးကြီး၊ ပုံငယ်တွေ ကို အလုပ်သမားတွေ

တွန်းလှည်းလေးနဲ့ လိုက်ပို့တာတွေ့ရတယ်။) အမှတ်တရ ဓာတ်ပုံတွေ ရိုက် ကြ။ အိုး..ကြည့်ရတာ ပျော်စရာ၊ အားကျစရာ။ သူတို့ရဲ့ တက်ကြွနေတဲ့ အပျော်တွေ ကျွန်မဆီ ကူးလာတယ်။ ဘန်ကောက်မှာ BAIYOKE SKY HOTEL ကြီးက အထပ်အမြင့်ဆုံးပဲလေ။

တကယ်ပဲ ကျွန်မ သူတို့လိုပျော်ချင်လိုက်တာ။ အခြေအနေက မတူဘူးလေနော်။ မိခင်ကြီး ကျန်းမာရေး ဆေးကုသမှုအတွက် ထင်မှတ်မထားတဲ့ ခြောက်လကျော်ခဲ့ပြီ။ ဆေးကုသစရိတ်ကိုချည်းပဲ တွက်ချက်မရ။ နေစရိတ် စားစရိတ်တင် တစ်လ ဘတ်နှစ်သောင်း ကျော် သုံးသောင်းနီးပါး။ အော်.... စကားပြန်ကလည်း မခေါ်မဖြစ်။ အရေးဟယ်၊ အကြောင်းဟယ် ဆို သူ့စကား ကိုယ်မသိ၊ ကိုယ်ကစကား သူမသိ။ Body Language နဲ့ကလည်း အမြဲမကောင်း။ ဒီတော့ စကားပြန်ခေါ်ရရော။ တစ်နေ့ ဘတ် ၁၀၀၀၊ မြန်မာငွေ သုံးသောင်း။

နှစ်ထပ်ကား အပြာလှလှကြီး။ တစ်စီးဝင်လာတယ်။ ဆင်းလာလိုက်ကြတာ။ အရွယ်စုံ အရောင်စုံ။ အဲ..လူဖြူတစ်ယောက် နောက်ဘက်နေ ကားရှေ့ပေါက်ကို အရောက် Wheel Chair အလွတ်တစ်စီး တွန်းလာတယ်။ ဂါဝန်ကားကားနဲ့ အမျိုးသမီးကြီးတစ်ယောက်ဆင်းလာပြီး Wheel Chair ပေါ် အသာတင်ပေးတယ်။ ပြီးတော့ BAIYOKE SKY HOTEL ကြီး ရှိရာဘက်ကို တွန်းသွား တယ်။ အဝေးကြီးကနေ လူနာကိုပါအောင် ခေါ်လာနိုင်တာ၊ သူတို့အလည်ရောက်သလို လူနာကို ရောက်စေချင်တာ။ သူတို့စေတနာ လုပ်ရပ်ကို ချီးကျူးစရာကောင်းလှပါတယ်။ အဲဒါကိုကြည့်ပြီး ကျွန်မကိုယ် ကျွန်မ အပြစ်တင်မိတယ်။ ရှုတ်ချမိတယ်။ အသုံးမကျတာ သိသွားတယ်။

တော်တော်အသုံးမကျတဲ့ ဝါဝါထင်လင်းပါ။

အသက် ၉၇ နှစ်ကျော် အဘွားခြေထောက်ကျိုးပြီးနောက်ပိုင်း အဒေါ် အငယ်ဆုံးနဲ့ တစ်ဝမ်းကွဲညီမတို့ရဲ့ အပြုစုနဲ့ တိုက်ခန်းကျဉ်းကျဉ်းထဲမှာ နှစ်ရှည်လများ နေသွားရတယ်။ အဘွားကို ငါကိုယ်တိုင်ကားမောင်းပြီး

ရွှေတိဂုံဘုရားကို ပို့မယ်။ Wheel Chair တစ်ခုငှားပြီး ဘုရားတွေလှည့်ပတ်ပြမယ်။ ရည်ရွယ်ခဲ့တာနော်။ အထမမြောက်ခဲ့ဘူး။ ငါးလွှာမှာနေတဲ့ အဘွား ကျွန်မချီမချနိုင်ဘူး ပြောပဲပြောခဲ့တယ်။ ဘယ်သူ့ကိုမှလည်း ပိုင်ပိုင်နိုင်နိုင် အကူအညီမခေါ်မိ။ ကြားဖြတ်အလုပ်တွေက ပေါ်ပေါ်လာ။ နောက်ရွှေ့ နောက်ရွှေ့နဲ့… ဟော အခုကျွန်မ အဘွားသေ သွားပြီ။ ရွှေတိဂုံဘုရား မပြောနဲ့ မြေကြီးပေါ်နင်းဖို့တောင် ချမပေးနိုင်ကြ။ မြေးတွေ မြစ်တွေ အများ ကြီး။ စာရေးသူက မြေးအကြီးဆုံး။ ကျွန်မ အားမစိုက်ခဲ့လို့၊ အသုံးမကျလို့ အဘွားဒီအတိုင်းနေသွား ရတယ်။

ဖေဖေတုန်းကဆို ဖေဖေသွားချင်တဲ့ နေရာလေးတွေ အမြဲမောင်းပို့ပေးခဲ့တယ်။ ခုတော့ ဖေဖေလည်း မရှိတော့ဘူး။ အတွေးဝင်လာတဲ့အခါ "အော်…ဖေဖေ့ကို ငါဒီလိုမျိုးလေးတွေ လုပ်ပေးနိုင်ခဲ့သားပဲ" ဆိုပြီး ကျေနပ်မျက်ရည်ဝဲရတယ်။

ဝရန်တာချစ်သူမို့ မနက်အိပ်ရာနိုးတာနဲ့ ထုံးစံအတိုင်း သွေးပူလေ့ကျင့်ခန်း လုပ်၊ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဝရန်တာထွက်၊ အရပ် ဆယ်မျက်နှာ တစ်ကမ္ဘာလုံးခြုံပြီး သက်ရှိသက် မဲ့ သတ္တဝါမှန်သမျှတွေကို စိတ်ညွှတ်မေတ္တာ ပို့လိုက်တယ်။

စီးမိုးမြင်သမျှ လှုပ်ရှားမှုတွေကို ခံစားကြည့်မိတယ်။ ရှေ့ဘယ်ဘက်ခြမ်းမှာ ခေတ်မီနှစ်ထပ် တိုက် တစ်လုံးရှိတယ်။ ခြံအကျယ် ပေတစ်ရာကျော်ပတ်လည်မက ရှိမယ်ထင်တယ်။ ရောက်စက ခြံကြီးထဲမှ လှုပ်ရှားမှု အဝင်အထွက်များတယ်။ ဘေးကပ်ရပ်မှာ SIAMDHURAKIT SCHOOL ရှိတယ်။ ကျောင်းလာတတ်တဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ဆိုင်ကယ်တော်တော် များများ ခြံကြီးထဲမှာ တစ်ဝက်ကျော်အပြည့်ရပ်ထားတယ်။ နောက်ကား အကောင်းစား ဆယ်စီးမက ရပ်ရပ်ထားတာတွေ့ရတယ်။ "လ" ပေးပြီး ရပ်ကြတယ်ထင်ပါရဲ့။

တစ်နေ့..ခြံကြီးဝင်ပေါက်သော့ခတ်ထားပြီး စာတွေရေးချိတ်ထားတယ်။

ဘာတွေရေးမှန်း ကိုယ်လည်း မဖတ်တတ်။ ခြံထဲမှာလည်း ရှင်းနေရော။ လုံခြုံရေး အစောင့်တောင် မတွေ့ရတော့။ ခြံထဲမှာ ကွန်ကရစ်အပြည့် ခင်းထားတယ်။ အရိပ်ရသစ်ပင်ကြီးတွေရှိတယ်။ အလှသစ်ပင်၊ ပန်းပင်တွေရှိတယ်။ လှုပ်ရှားမှုမဲ့ ငြိမ်သက်နေတယ်။

ခြံကြီးကို ရှောင်းလိုက်ပြီး BAIYOKE SKY HOTEL ရှယ်ယာသူဌေးတစ်ယောက် ဝယ်သွားတာတဲ့။ ရှယ်ယာထဲမှာ ကျွန်မတို့ မြန်မာပြည်သားတစ်ယောက်လည်း ပါတယ်ဆိုပဲ။ စကားပြန်မလေး ပြောပြလို့သိရတယ်။ ခြံကြီးကို ဝယ်သွားတာ အဲဒီ မြန်မာပြည်သား ဖြစ်နေမလား လို့ စိတ်ကူးတွေးမိတယ်။ နဂိုဝင်ပေါက် သံပန်းတံခါးကို ပိတ်ထားပြီး Express ကားကြီး ကွင်းနဲ့ပိုင်း ခြားထားတဲ့ အုတ်နံရံကို ညချင်းဆလိုက်မီးတွေထွန်း ဘိလပ်မြေတွေစပ်နဲ့ ကားဝင်ဂိတ် လုပ်လိုက် တယ်။ ခုဆို BAIYOKE SKY HOTEL ဧည့်ကြိုကားတွေ ဝင်ထွက် ရပ်နားလို့ပေါ့။ ငါတို့ မြန်မာပြည် သားတစ်ယောက်လည်း ရှယ်ယာပါတယ်ဟဲ့ဆိုပြီး ဘယ်သူဆိုတာ အဖြူအမည်းမသိပေမယ့် ဂုဏ် ယူဝင့်ကြွားစွာနဲ့ BAIYOKE SKY HOTEL ကြီးကို မော့မော့ကြည့်ရတာ ..နေ့တိုင်း မရိုးနိုင်။

မပျင်းနိုင်၊ မမောနိုင်၊ မညောင်းနိုင်အောင် ဝရန်တာမှာ ရပ်မိတယ်။ မြင်တွေ့ရတာ တွေကို ပုံဖော်ရေးခြစ်နေမိတယ်။ မနက်စောစောနဲ့ ညနေစောင်းလေးမှာ လေညင်းလေးတွေ တိုက်ခတ် လာတတ်တယ်။ ဆောင်းဝင်စမို့ မချမ်းဘဲနဲ့ စိမ့်စိမ့်လေးအေးတယ်ဆိုရုံပေါ့။ အမှောင်သမ်းလာပြီး ဟိုအဝေးက အထပ်မြင့် Hotel တွေမှာ ရောင်စုံမီးတွေ လင်းလင်းလက်လက်ဖြာဝေနေပါလို့… BAIYOKE SKY HOTEL ကြီးကို မော့ကြည့်လိုက်တယ်။ ဟို အမြင့်ဆုံးထိပ်ဖျားမှာ မီးလုံးရောင်စုံ တွေ ပုံစံအမျိုးမျိုး ခုန်ပေါက်ကစားနေကြတယ်။ လှည့်ပတ် ခုန်ပေါက်ကစားနေတဲ့ မီးရောင်စုံတွေ က ထိုင်းနိုင်ငံရဲ့ အလံကိုလည်း ပုံဖော်ပေးတယ်။

BMW တံဆိပ်ကြီးနဲ့အတူ JOY IS BMW ဆိုတဲ့ စာတမ်းကြီး တွေ့ရတယ်။ ကျွန်မချစ်တဲ့ ရန်ကုန်အိမ်က ဝရန်တာနဲ့တော့ ကွာခြားလွန်းပါတယ်။ အမြင်အကြားတွေ မတူဘူးလေ။ နာဂစ် နောက်ပိုင်း သေပြီထင်ရပြီး ရှင်သန်လာတဲ့ သရက်ပင်ကို စိတ်ဝင်တစားဖြစ်ခဲ့မိတာ။ အဲဒီ သရက် ပင်က ကျွန်မကို အသိတွေအများကြီး ပေးခဲ့တယ်။ ခုလည်း ပေးနေဆဲပါ။

ပြောင်းလဲမှု၊ ရှင်သန်မှု၊ ကြွေလွင့်မှု၊ နားခိုမှု အမျိုးမျိုးကို ပေးနေဆဲပါ။ လွမ်းရပါတယ်။

"တောင်ပံပါရင် မင်းဆီကို.."

"တောင်ပံလေးများ ရနိုင်ရင်တော့ လိုချင်သားကွယ်၊ ဒါမှ ချစ်တဲ့သူရှိရာ မင်းလိုပဲ တို့လည်း ပျံနိုင်မယ်"

"ဝေဟင်မှာ လေအလျင်စီး ယီးလေးလေးခိုကာရယ်..မောင့်ဆီကို မနားတမ်းဝဲပျံကာရယ်.."

အို ခုမှ ကိုယ့်ရင်ဘတ်ကို ထိရှ ရိုက်ခတ်လာနေတော့တယ်။

တကယ်ပဲ ပျံနိုင်တဲ့ တောင်ပံတစ်စုံလိုချင်ပါတယ်။

အမြင့်ဆုံးဖြစ်တဲ့ BAIYOKE SKY HOTEL ကြီးရဲ့ ခေါင်မိုးထိပ်ဖျားကို ပျံတတ်ပြီး ဘန် ကောက်မြို့ကြီးရဲ့ အလှတွေကို တစ်ဝကြီး လှည့်ပတ်ခံစား ကြည့်ချင်သေးတယ်။

အချစ်ဆုံးရှိရာကိုလည်း တစ်ဟုန်ထိုး ပျံလိုက်ချင်ပါတယ်။

လွမ်းတဲ့အထဲပါတဲ့ သရက်ပင်ကိုင်းပေါ်မှာလည်း နားခိုလိုက်ချင်သေးရဲ့။

အရေး၊အဖတ်၊အတွက် အသုံးလုံးမကျေတဲ့ တောက အဘွားကြီးတွေကမှ ကိုယ့်အချင်းချင်း စကားပြောရပါသေးတယ်။ ကျွန်မမှာဖြင့် စကားလည်း နားမလည်၊ မပြောနိုင်၊ စာလည်း မဖတ်တတ်၊ နေလာတာ

ခြောက်လကျော် ခုနှစ်လထဲ ရောက်လာပြီ။ “ဆဝါဒီခ” လက်အုပ်လေးချီ နှုတ်ဆက်တာပဲ သိတယ်။ စာနာကြည့်ပါဦး။

ဝေဒနာနဲ့ မေမေ့ကိုလည်း တအားသနားတယ်။ မေမေလည်း ပြန်ချင်နေရှာတာပါ။ လပြည့်ညပေါင်းများစွာ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတွေ လွမ်းရုံကလွဲ ဘာမှမတတ်နိုင်၊ မနေ ချင်ဘဲ နေနေရတဲ့ဘဝ။ သက်ဆိုင်ရာ ဆရာဝန်တွေက တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ ချိန်းနေတော့ ဘယ်လိုပြန်ရပ့်။ သုံးလအချိန်သတ်မှတ်ယူခဲ့တဲ့ TG လေယာဉ်လက်မှတ်တွေလည်း ဆုံး။ သားအမိသုံးယောက် တစ်ယာက် ဘတ် ၁၉၀၀ နဲ့ VISA တွေ ခဏခဏတိုးပြီးနေရတာ မောလွန်းပါတယ်။

ခရစ်စမတ်ညလွန်လို့ 2011 ခုနှစ်သစ်ကြီးကိုလည်း KC Place မှာ နေရင်းပဲ ကြိုရပါတယ်။

အရုဏ်ဦး နံနက်ခင်းမှာ မင်္ဂလာပါ။ ကျွန်မချစ်တဲ့ သရက်ပင်မှာ ကျီကျီကျာကျာ အော်မြည် သံစုံနဲ့ နိုးထလာတဲ့ ငှက်လေးတွေ အသံအမြဲ ကြားရတယ်။ ဟော ညနေစောင်းပြီဆို ပကျိပကျိ ကျလွိ ကျလွိ သံစုံအော်ဟစ်ပြီး ထောင့်စုံကနေ ပျံဝဲပြေးဝင်လာတဲ့ ငှက်လေးတွေ၊ တစ်နေ့တစ်နေ့ မရိုးနိုင်အောင်ပါ။ အလုအယက် အိပ်တန်းတတ်ကြတယ်။ နောက်ကျမှ ရောက်လို့ အိပ်စရာနေရာ မရဘဲ မနီးမဝေး ပျံထွက်သွားလိုက်၊ သစ်ခက်၊ သစ်ရွက်တွေကြား တိုးပြေးဝင် လိုက်ရှိနေကြတယ်။ ရယ်စရာလည်းကောင်း သနားစရာလည်း ကောင်းပဲ။

ဒီမှာ သစ်ပင်ကြီးငယ်တွေရှိတယ်။ မနက်အရုဏ်ငှက်လေးတွေရဲ့ နိုးထလှုပ်ရှားမှုကို ဂရုစိုက်ကြည့်မိတယ်။ အော်မြည်သံတွေ နားစိုက်ကြည့်တယ်။ မမြင်ရ မကြားရရှိနေတယ်။

ညနေစောင်း အလုအယက် အိပ်တန်းတက်တာလည်း မတွေ့ရဘူး။ ငှက်ကေလေးတွေရှိပါ တယ်။ ရောင်စုံငှက်လေးတွေ စာကလေး၊ ဆက်ရက်၊

နံ့ပြီစုတ်၊ ခို၊ ကျီးကန်း မြင်နေရတာ ပဲ။ သူတို့ လေးတွေ ဘယ်မှာ အိပ်တန်းတက်ကြပါလိမ့်။ မနက်စောစောဆို Express ကားကွင်းကြီးထဲမှာ ကားတွေ ရှင်းနေတယ်။ စမတ်ကျကျ ဝတ်စုံပြည့်နဲ့ လုံခြုံရေးတာဝန်ကျ အမျိုးသားက ခိုစာတွေ ဖြန့်ကြဲကျွေးလေ့ရှိတယ်။ ကျီးမည်းတစ်ကောင် ဝဲပျံဆင်းလာပြီး အစာတွေလုကောက် စားတတ် တယ်။ ခိုလေးတွေ ဘေးကိုပြေးထွက်ပြီး ခပ်ဝေးဝေးကနေ စောင့်ကြည့်နေကြတယ်။ ကျီးမည်းကြီး ပျံတက်သွားမှ စုဝေးပြန်ရောက်လာတယ်။

"တ…အာ..အာ" နဲ့ အော်သံကြီးတွေက တစ်မျိုးပဲ။ နှုတ်သီးအဟ၊ အမြီးကထောင် ချက်ကျ ကျနဲ့ "အာ" တာ။ မသာယာဘူး။ တောကျီးကန်းကြီးတွေနဲ့တူပါရဲ့။ ဩလိုက်တဲ့အသံ။ ရွှေကျီးသာတယ်ဆိုတာ ကျွန်မတို့ဆီမှာပဲ ရှိလိမ့်မယ်။

"အာ..အာ" နဲ့ အော်နေတာများ ပျင်းစရာကောင်းလိုက်တာ ၊ ကိုယ့်ပြည်ကိုယ့်ရွာက ရွှေကျီး လေးတွေ လွမ်းပါရဲ့။

အို…ရင်ကိုမှန်တဲ့ အလွမ်းကျည်ဆံတွေ ပြည့်လျှံနေပါပြီ။

ပြန်ရမယ့်ရက်ကို မျှော်လင့်တကြီး စောင့်စားရင်း …

***


2000 - 2010
2013

# မြင်ယောင် မြင်ဝါး

“ဟာ ..အဘွားကြီး ဘယ်လိုဖြစ်တာလဲ၊ မျက်မှန်ကြီးနဲ့”

ကြည့်ဦး..ကျွန်မကို အဘွားကြီးတဲ့။ ငါးဆယ်တောင် မပြည့်တတ်သေးတာ၊ ကျွန်မကို အဘွားကြီးခေါ်တယ်။ နေနှင့်ဦး..။

ကျွန်မကလည်း ကျွန်မ..မှတ်မှတ်ရရ..အသက်လေးဆယ်ကျော်စမှာ..မခံစားဖူးတဲ့ ဝေဒနာ တွေ ခံစားလာရပါရောလား။ မျက်ရိုးတွေကိုက်၊ နောက်ကျောတွေတက်။ စာတွေဖတ် စာတွေရေးနဲ့ ဒီလောက်တော့ရှိမှာပေ့ါဆိုပြီး..အတွေးလျော့ခဲ့တယ်။ ကြာလေဆိုးလေ..အမြင်တွေ ဝါးလာလေနဲ့ သွေးပါတိုးချင်လာတယ်။ မဖြစ်ချေဘူး။ သတင်းစာတောင် ဖတ်မရတဲ့အဆုံး ဆရာဝန်ဆီပြေးရ တော့တယ်။

ဟိုတုန်းကများ အမေတွေ..အဒေါ်တွေ စာဖတ်ရင် မျက်မှောင်ကြီးကြုတ်ပြီး တစ်တောင်ခွာ၊ တစ်ထွာကပ်နဲ့၊ အဲဒါကို ကျွန်မလှောင်ရယ်ခဲ့ဖူးတယ်။ ခုတော့..ကျွန်မလေ..တစ်တောင်ခွာလည်း မမြင်၊ တစ်ထွာကပ်လည်း မသဲကွဲ။ မျက်မှန်ကြီးနဲ့ ခန့်ခန့်ကြီး ဖြစ်နေပါရောလား။

အမြင်ရှင်းပေမဲ့ ..မျက်နှာပေါ် တစ်ခုခုလေးပြီး ရှုပ်နေသလိုဖြစ်တာမို့၊ အမြဲလို..မတပ်ဘဲ ချွတ်ထားမိပြန်ရော။ “အမြဲတပ်ထားပါ။ မဟုတ်ရင် ဒီဂရီတိုးလိမ့်မယ်” ဆရာဝန်စကားဘေးနားရွှေ့ ထားပြီး နားမထောင်ခဲ့ဘူး။ ကသိကအောက်ဖြစ်လွန်းလို့ စာဖတ်တုန်းပဲ တပ်တယ်။ တီဗွီကြည့်ရင် တောင် ဒီအတိုင်း။ နောက်..ကြာလာတာနဲ့အမျှ စာတန်းတွေ ဖတ်မရဖြစ်လာတယ်။ မျက်လုံးကို ပြူးကြည့်မရ။ မှေးကြည့်မမြင် ၊ နီးနီးဝေးဝေး အမြင်တွေ မကြည်တော့ဘူး။

ထမင်းစားရင် ထမင်းလုံးတွေ ရောယှက်လုံးထွေးနေတယ်။ အသားမှန်း

အဆီမှုန်း မသိ၊ ကန်စွန်းရွက်ချဉ်ရည်ထဲ ငရုတ်သီးစိမ်းပါလည်း မကွဲပြားတော့ ဝါးစားမိရော၊ အစပ်ကြောက်တဲ့ ကျွန်မ ခဏခဏထိပါများတော့..မျက်မှန်ကို မချွတ်တမ်းတပ်ထားရတော့တာပဲ။

ခုဆို...နှာရိုးစပ်လေးမှာ အရာထင်ပြီး ချိုင့်ဝင်နေပြီ။ မျက်မှန်ချွတ်ပြီးများဖြီးလိမ်းရင်..မျက်ခုံး မွေးလည်း စွဲမရ၊ နှုတ်ခမ်းနီလည်း ဆိုးမရ၊ မိတ်ကပ်တွေ ဟိုကွက်သည်ကွက်၊ အချိုးကို မပြေတာ။ ကြာလာမှ မှန်းဆပြီး လိမ်းခြယ်လို့ရတာ ရယ်။ ဒါတောင်..အပြင်ထွက်ကာနီးတိုင်း..သမီးငယ်က ပြင်ပေးရတာ ရှိသေး။

ဇရာ..ဇရာ..မသိချင်ယောင်ဆောင်နေလို့ကို မရတာ ။ ဟန်ဆောင်နေလို့ကို မရတာ ။ ဟန်ဆောင်ဖုံးကွယ်လည်း ခဏခံပဲ။ ကြားဖူးနေတာ ကြာပြီပဲ။ ဇာတိ၊ ဇရာ၊ ဗျာတိ၊ မရဏတဲ့။ ခဏ...ခဏ ကြားနေရတာ ပဲ။ ဘာဆန်းတာလိုက်လို့..။ အဲ..ဆန်းတာတော့ မဆန်းဘူးပေါ့..ဒါပေမဲ့ ကြောက်စရာကောင်းတယ်ခါမလား။ အင်း.ဟုတ်တယ်။ ဟုတ်တယ်။ ကြောက်စရာကောင်း တယ်။ စဉ်းစားကြည့်လေ..ပျိုမြစ်နုနယ် ဒီအရွယ်ကို မက်မက်မောမော၊ တမ်းတမ်းတတနဲ့ အကြာ ကြီးနေခဲ့တယ်။ ကြွကြွရွရွလေးနဲ့ လှုလှုပပ နေခဲ့တဲ့ကျွန်မ...

မျက်မှန်တပ်ပြီး ထမင်းစားနေတဲ့ ကျွန်မကို..အိမ်ဦးနတ် လှောင်နေပြီလေ။ သူ့ကိုယ်သူ တော်တော်ဟုတ်နေပြီထင်တာ။ သူ့မျက်လုံးတွေ ကောင်းနေသေးတာကိုး။ ပြောထားဦးပေါ့။

ကျွန်မလေ..မျက်မှန်များမပါလို့ကတော့။ ပုရွက်ဆိတ်လည်း မမြင်။ ဆံပင်ခြည်လည်း မတွေ့နဲ့...အစားအသောက်တွေ စားမိတာ ခဏခဏ။

တော်တော့်ကို မှုန်ဝါးနေတာ။ ဟန်ဆောင်ပဲများပြီး..မျက်မှန်မတပ်ဘဲ ပွဲလမ်းသဘင်သွား ကြည့်၊ အသိမိတ်ဆွေတွေက ကိုယ့်ကိုတွေ့လို့ ခပ်လှမ်းလှမ်းက

ပြုံးပြ၊ ရယ်ပြနေရင်၊ ကိုယ် မမြင် ရတော့ ခပ်တည်တည်၊ အနားရောက်မှ..ဩော်..ဘယ်သူပါလားဆိုပြီး ..စကားရော ဖောရော ပြုံးရယ်ပြရတာ ။

သူငယ်ချင်းတချို့ မျက်မှန်မတပ်ဘဲ...မျက်လုံးကောင်းနေရင် ကိုယ့်ကိုယ်ကို တော်တော် အားမရ ဖြစ်ရတယ်။ မနာလိုစရာနော်။ ကိုယ်လို၊ သူလိုမြင်ချင်ယောင်ဆောင်တဲ့ သူကလည်း ရှိ သေးတာပဲ။ ဒါလေး ဖတ်ကြည့်ပါဦးဆိုရင် ကပ်လိုက်၊ ခွာလိုက်။ ကြုတ်လိုက်၊ ပြုံးလိုက်နဲ့ မတတ်သာမှ... ပိုက်ဆံအိတ်ထဲထိုးထည့်ထားတဲ့မျက်မှန်ကို နှိုက်ရတော့တာ။

အိပ်ချိန်ကလွဲပြီး...ကိုယ့်ယောကျာ်းထက်..မခွာတမ်း ပူးပူးကပ်ကပ်နေတာ၊ ကိုယ့်ရွှေမျက် မှန်ပဲ။ မနက်အိပ်ရာ နိုးတာနဲ့...သူ့ အနမ်းဖွဖွကို..တမ်းတမ်းစွဲဖြစ်နေရတဲ့ ကျွန်မ၊ ခေါင်းရင်းတန်း ပေါ် သူရှိတဲ့နေရာ အသာလှမ်းယူရတာ အကျင့်ဖြစ်သွားပြီ။ မျက်စိနှစ်လုံးဖွင့်တာနဲ့..သတိရဆုံး.. အတမ်းတဆုံးက..သူ့ကိုပဲ။ ကျန်တာတွေအသာထား၊ သူဟာ ကျွန်မအတွက် very very important ပစ္စည်းတစ်ခုပဲ။ သူမပါရင် ကျွန်မ နေရာရွှေ့ မရဘူး။ ဝန်းကျင်အားလုံး မှုန်မှုန်မွှားမွှား၊ ဝါးတားတားရယ်။

မျက်မှန်ကို သုံးလက်ထားရတယ်။ မှန်ကျွတ်သွားတာတို့... ဝက်အူပြုတ်သွားတာတို့ဖြစ်ရင် အစားထိုးတပ်ရအောင်လေ။ နေပူထဲထွက်ရင် တပ်ဖို့ ပါဝါနေကာကိုလည်း လုပ်ထားရသေးတယ်။ တစ်လက်တည်းရှိတုန်းက အတော် ဒုက္ခရောက်တာ။ ပစ္စည်းသေးသေးလေးတစ်ခုများ ကျွတ်ထွက်၊ ပွဲထွက်သွားရင်ပြီးရော။ အောက်ငုံ့ပြီး ကြိုကြိုကြားကြား လက်ဝါးနဲ့ စမ်းစမ်းရှာရတာ အမောသား။ မလွယ်လှဘူး။ အစားထိုးတစ်လက်ရှိမှ ဟန်ကျတာ။ အားကိုးမလိုဘူး။ မဟုတ်ရင် တစ်ယောက်ယောက်ကို အော်ခေါ်နေရတာ ။ အလုပ်ရှုပ်ရော...ဘာမှသာမဟုတ်တာ..တော်တော် ကသိကအောက်နိုင်ရတာ ။ ပြုတ်ထွက်ကျသွားတဲ့ ဝက်အူသေးသေး နှမ်းစေ့လောက်ကလေးများ လက်နဲ့စမ်းမိ၊

တွေ့မိလိုက်ရင် အမလေး လေး... စိန်ကောက်ရတာ ထက်တောင် ဝမ်းသာရသေး တယ်။

ကြာလာတော့လည်း ကိုယ့်ရုပ်လွှာမှန်ထဲမှာ မျက်မှန်လေးနဲ့ ခန့်နေတာပါ။ မှုန်မှုန်မွှားမွှား၊ ဝါးတားတား မဖြစ်တော့ဘဲ အရာအားလုံးဟာ ကျွန်မအတွက် ကြည်လင်ရှင်းသန့်နေပါတယ်။

ဟော ခုသူ့အလှည့် ကြီးကြီးကျယ်ကျယ်၊ မှုန်ဝါးနေပြီဖြစ်တဲ့ သူ့မျက်လုံးကို ကောင်းနေ တယ်၊ အမြင်တွေ ကြည်နေသေးတယ်ပေ့ါ "အဘွားကြီး.ကျုပ်မျက်လုံး ကောင်းနေတာ..မနာလို မဖြစ်နဲ့ " ပြောသေးတာ။ ထားတော့..ထားတော့..ဟုတ်မှာပါ။ သူ့မျက်လုံးတွေ အမှန်တကယ် ကောင်းနေသေးတာနေမှာပါလို့ ကျွန်မအကောင်းမြင်လိုက်တယ်။

တစ်ရက် ကျွန်မသိပ်နေမကောင်းတာနဲ့ ညနေစာထမင်း မစားဘဲ သူ့အတွက် ခူးခပ်ပြီး အဆင်သင့် ပြင်ပေးထားလိုက်တယ်။

သူရေမိုးချိုးပြီး ထမင်းစားတယ်။

ထမင်းစားပြီး..."မိန်းမရေ..ပြီးပြီ..ထမင်းပွဲသိမ်းဟေ့"

ဟောတော်..သူကြိုက်လှပါတယ်ဆိုတဲ့ဟင်းကို တစ်စက်ကလေးမှ မတို့ပါလား။ အရာတောင် မယွင်းဘူး။ ဘယ်လိုဖြစ်တာပါလိမ့်။ ပဲကုလားဟင်းနဲ့ သရက်သီးသနပ်ပုလင်းကိုပဲ ဖွင့်စားထားတယ်။ ကျွန်မ သူနဲ့အတူ ထမင်းမစားလို့များ စိတ်ကောက်တာလား။ ကျွန်မ စိတ်မကောက်တတ်ပါဘူး။ ဘယ့်နှာပါလိမ့်..မေးဦးမှ။

"ဒီမှာ အဘိုးကြီး"

"ဟာ..ဘယ့်နှယ်အဘိုးကြီးလဲ...မိန်းမနော် မောင့်ကို..အဘိုးကြီး မခေါ်နဲ့..မကြိုက်ဘူး"

“အမယ်..သူများကျအဘွားကြီးခေါ်ပြီး...
တော်တော်တရားကျဖို့ကောင်းနေပြီး ထားပါတော့ နေပါဦး..ရှင် ဒီနေ့
သတ်သတ်လွတ်စားတာလား”

“သတ်သတ်လွတ်..”

အမယ်..စဉ်းစားနေသေး။

“မစားပါဘူး..မင်းချထားပေးတဲ့ ဟင်းအတိုင်းစားတာပဲ။ အသားမှ
မပါတာ။ ပဲကုလားဟင်း နဲ့ သရက်သီးသနပ် ကောင်းပါတယ်။ ဘာဖြစ်လို့လဲ” ဒါဆို
သေချာပြီ။

ဟင်း ဟင်း..ဟင်း..သူ့မျက်လုံးတွေ မသန့်စွမ်းတော့ဘူး
.ဟန်ဆောင်နေတာ။ ထိပြီ။ တွေ့ပြီ။

“ဒီဟင်းက ရှင်သိပ်ကြိုက်တယ်လေ၊ ဘာလို့မစားတာလဲ”

ဟင်းပန်ကန် မြှောက်ပြရင်း မေးလိုက်တယ်။

“ဟာ..မင်းငရုတ်သီးဘာလချောင်ကြော် မစားချင်ပါဘူး”

အဲ့..အဲ့..ဒါသာကြည့်တော့ သူ့မျက်လုံးတွေ..။

မျက်မှန် မတပ်ဘဲ ပဲများနေချင်သေး..။

ဘာလချောင်ကြော်မှတ်ပြီး စပ်မှာစိုးလို့ မစားဘူးတဲ့လေ..

ခက်တော့နေပြီ..။

“ဒီမှာ”

“ဘာတုန်း”

“ဒါဘာလချောင်ကြော် မဟုတ်ဖူးရှင့်”

“ဒါဆို…ဘာလဲ”

“ရှင်..သိပ်ကြိုက်တဲ့ ဆတ်သားခြောက်ဖုတ်ရှင့်..ဆတ်သားခြောက်ဖုတ်”

“ဟော..”

**ဝါဝါထင်လင်း**

***